# အသိပေးကြေညာချက်

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် လုပ်ငန်းဆောင်ရွက်သူပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် နှစ်လဲမှတ်ပုံတင် သက်တမ်းတိုးမည့်ယာဉ်များ ယာဉ်စစ် ရက်ချိန်းရယူခြင်းအား **www.rtad.gov.mm** Website တွင် ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System)ကို (၂.၁.၂၀၁၈)ရက်နေ့မှ စတင် ပြောင်းလဲကျင့်သုံးခဲ့ပြီးဖြစ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးအသီးသီးတွင် နေ့စဉ် ယာဉ်မှန်/မမှန် စစ်ဆေးဆောင်ရွက်ပေးသည့် ယာဉ်စီးရေ များပြားလျက်ရှိသဖြင့် လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ယာဉ်စစ်ရက်ချိန်းရယူခြင်းအား **www.rtad.gov.mm** Website တွင် ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System)ကို ၂၀.၈.၂၀၁၈ ရက် (တနင်္လာနေ့)မှ စတင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ မော်တော်ယာဉ်မှတ်ပုံတင်မှန်ကန်ခြင်း ရှိ/မရှိ ယာဉ်စစ်ဆေးခြင်းကို နေ့စဉ် ရုံးဖွင့်ရက်များအတွင်း နှစ်လဲသက်တမ်းတိုး ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးချိန် နေ့လည်(၂)နာရီနောက်ပိုင်း၊ လစဉ် လဆန်း(၁)ရက်မှ (၂၅)ရက်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး Online Booking ကို အနည်းဆုံး(၂)ရက်မှ အများဆုံး (၃၀)ရက်အထိ ကြိုတင်ရယူနိုင်မည် ဖြစ်ပါသည်။ ရုံးဖွင့်ရက် တစ်ရက်လျှင် ရုံးများအလိုက် အောက်ပါမော်တော်ယာဉ်စီးရေများအတိုင်း လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်-

| စဉ် | ရုံးအမည် | ယာဉ်စစ်ဆေးပေးမည့် စီးရေ |
|---|---|---|
| (က) | တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) | ၂၅ |
| (ခ) | ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) | ၃၅ |
| (ဂ) | ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) | ၅၀ |
| (ဃ) | ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) | ၂၅ |
| (င) | ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) | ၃၀ |

၄။ Online အသုံးပြုရန် အသေးစိတ်အချက်အလက်များအား **www.motc.gov.mm**၊ **www.myanmarrtad.com**၊ **www.rtad.gov.mm** Website များနှင့် **Road Transport** Facebook Page တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။ မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ရုံးချုပ်(နေပြည်တော်) – ၀၆၇-၃၄၀၅၀၉၉
- တိုင်းဒေသကြီးရုံး(ရန်ကုန်) – ၀၁-၅၇၀၉၆၇
- တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) – ၀၁-၂၅၈၅၀၈၂
- ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) – ၀၁-၅၉၀၁၀၇
- ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) – ၀၁-၅၇၃၁၀၉
- ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) – ၀၅၆-၂၁၀၈၀
- ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) – ၀၁-၃၆၄၄၄၁၀

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**